MYANMAR MEITI Extractive Industries Transparency Initiative

# သတင်းထုတ်ပြန်ချက်

## အောက်တိုဘာလ (၂) ရက် ၂၀၁၇ ခုနှစ်

## ရန်ကုန်မြို့

### မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ တူးဖော်ရေးထုတ်လုပ်ရေး လုပ်ငန်းများ နှင့် ပတ်သက်သော EITI ၏ (၂) နှစ်တာအစီရင်ခံစာအား ၂၀၁၈ခုနှစ် မတ်လကုန်တွင် ထုတ်ပြန်မည်။

မြန်မာနိုင်ငံသဘာဂသယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI – Myanmar Extractive Industries Transparency Initiative) ၏ ၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် (၂) နှစ်တာအစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်မည် ဖြစ်ပါသည်။ နိုင်ငံတကာ EITI ဘုတ်အဖွဲ့၏ အကဲဖြတ်ခြင်းကိုခံရမည့် အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအား EITI တင်းပြည့်၊ စံချိန်မီ နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တရားဂင် ဖြစ်လာစေရန် အထောက်အပံ့ အပြည့်အဂ ဖြစ်စေမည်ဟု မိမိတို့အနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်းသဘာဝသယံဇာတ တူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လုပ်ငန်းများအနေဖြင့် ပထမအကြိမ်အစီရင်ခံစာပါ အကြံပြုချက်များအား လိုက်နာအကောင်အထည်ဖော်မှု အတိုင်းအတာ နှင့် သယံဇာတစီမံအုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အခြေအနေ တိုးတက်မှုများအား သုံးသပ်တင်ပြခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ ထို့ပြင် ကျောက်စိမ်း၊ ကျောက်မျက် ကဏ္ဍနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်သောမူဂါဒများချမှတ်ဆောင်ရွက်နိုင်ရန် အစိုးရ ၊ အရပ်ဖက် နှင့် ပုဂ္ဂလိကလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်သွားရန်လည်း ရည်ရွယ်ဆောင်ရွက်လျက် ရှိပါသည်။

ယခင် အစိုးရ ငါးနှစ်သက်တမ်းအတွင်း စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်တို့ကို ချမှတ်ကျင့်သုံးခဲ့ရာ အဆိုပါမူဘောင်များအရ သဘာဂသယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများပွင့်လင်း မြင်သာမှုကို ဖော်ဆောင်သည့် EITI လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီ၊ မြန်မာနိုင်ငံ EITI လုပ်ငန်းကော်မတီ နှင့် အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းထားသော သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် ကနဦးစတင် ဆောင်ရွက်ခဲ့ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် EITI အဖွဲ့ဂင်လောင်းနိုင်ငံအဖြစ်သာ ရှိသေးပြီး ပထမဆုံးအကြိမ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇန်နဂါရီလတွင် ထုတ်ပြန်ခဲ့ပြီးနောက် ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ယခင်က အဆင့် ၁၇၂တွင် ရပ်တည်နေရာမှ ၁၃၆ သို့ တက်လှမ်းလာသည့်အတွက် မိမိတို့ EITI လုပ်ငန်းစဉ်သည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား တဖက်တလမ်းမှ အထောက်အပံ့ဖြစ်စေပြီး နိုင်ငံတကာ၏ အကဲဖြတ်မှုရလဒ်ကောင်းကိုလည်း ဂမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။ မကြာမီ ထုတ်ပြန်မည့် အစီရင်ခံစာကို EITI သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ကာ ပထမအကြိမ်အစီရင်ခံစာထက် ပိုမိုကောင်းမွန်အောင် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။

ယခု အစိုးရသစ်လက်ထက်တွင် EITI လုပ်ငန်းစဉ်ကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီဥက္ကဋ္ဌအဖြစ် အပ်နှင်းကာ သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်တစ်ဦးက ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်၍ အစိုးရကိုယ်စားလှယ် (၇)ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၇)ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၉) ဦးဖြင့် စုစုပေါင်း ၂၅ ဦး ပါဝင်ကာ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာထုတ်ပြန်ကာ ဖွဲ့စည်းခဲ့ ပါသည်။

သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာလာပြီး၊ တာဝန်ယူမှုရှိစေရန် ရည်ရွယ်၍ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ အကဲဖြတ်အစီရင်ခံစာများကို ယခုကဲ့သို့ နှစ်စဉ်ထုတ်ပြန်သွားမည်ဖြစ်ကာ ရှေ့ဆက်ဆောင်ရွက်ရာတွင် EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသော တိကျသေချာသည့် ဥပဒေတစ်ရပ် ထုတ်ပြန်နိုင်စေရန် တွန်းအားပေးလုပ်ဆောင်ခြင်း နှင့်ခိုင်မာသည့်လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းဖြင့် ဒီမိုကရေစီအစိုးရ သက်တမ်းကာလ တစ်ခုနှင့်တစ်ခုအကြား EITI လုပ်ငန်းစဉ် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို များစွာအထောက်အကူ ဖြစ်လာစေမည်ဟု မိမိတို့သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင် ကိုယ်စားလှယ်များမှ ယုံကြည်မျှော်လင့်ပါသည်။

<u>**EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်ခြင်းနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်များ**</u>

က) မြန်မာနိုင်ငံတွင် ကောင်းမွန်သော သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်၊

ခ) EITI စံနှုန်းနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာ အားပေးသော ဝန်းကျင်တစ်ခု ပေါ်ပေါက်လာစေရန်၊

ဂ) EITI လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်ပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်း၊

ဃ) မြန်မာနိုင်ငံတွင် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ဆက်စပ်သော သတင်းအချက်အလက်များ၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်သော အခွန်ဘဏ္ဍာဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ တိကျမှန်ကန်စွာ ရရှိလာနိုင်စေရန်နှင့် ရရှိလာသော သတင်းအချက်အလက်များကို အများပြည်သူ သိရှိနိုင်ရန် အတွက် ထုတ်ပြန်ရန်။

သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိစေရန် ရည်ရွယ်၍ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ အကဲဖြတ်အစီရင်ခံစာများကို ယခုကဲ့သို့ နှစ်စဉ်ထုတ်ပြန်သွားမည်ဖြစ်ကာ ရှေ့ဆက်ဆောင်ရွက်ရာတွင် EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသော တိကျသေချာသည့် ဥပဒေတစ်ရပ်ထုတ်ပြန်နိုင်စေရန် တွန်းအားပေးလုပ်ဆောင်ခြင်း နှင့် ခိုင်မာသည့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းဖြင့် ဒီမိုကရေစီအစိုးရ သက်တမ်းကာလ တစ်ခုနှင့်တစ်ခုအကြား EITI လုပ်ငန်းစဉ်အား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဟု မိမိတို့သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့ဝင်ကိုယ်စားလှယ်များမှ ယုံကြည်မျှော်လင့်ပါသည်။

**EITI လုပ်ငန်းစဉ်နှင့် သုံးပွင့်ဆိုင်အဖွဲ့၏ ဆောင်ရွက်ချက် အဓိကမှတ်တိုင်များ**

| စဉ် | နေ့ရက်မှတ်တမ်း | အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သော ပန်းတိုင်များ |
|---|---|---|
| ၁ | ၁၅၊ဒီဇင်ဘာလ၊၂၀၁၆ | ပထမဆုံးအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ နှင့်သက်ဆိုင်သော အလုပ်ရုံ ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ (Beneficial Ownership Workshop) |
| ၂ | ၁၅၊မတ်လ၊၂၀၁၇ | ပထမအကြိမ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်းအဝေး နှင့် ပထမဦးဆုံးအကြိမ်MEITI မိတ်ဆက်ခြင်း အခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည်။ |
| ၃ | ၂၃-၂၄၊ မတ်လ၊ ၂၀၁၇ | အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လမ်းပြမြေပုံ (မူကြမ်း)ရေးဆွဲသည့် အလုပ်ရုံဆွေးနွေးပွဲကိုအောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည်။ (Beneficial Ownership Roadmap Workshop) |
| ၄ | ၃၀ ၊ မတ်လ၊ ၂၀၁၇ | အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လမ်းပြမြေပုံ (မူကြမ်း)ကို နိုင်ငံတစ်ကာ အတွင်းရေးမှူးရုံးသို့ အချိန်မီပေးပို့တင်ပြနိုင်ခဲ့သည်။ |
| ၅ | ၃၁၊ မတ်လ၊ ၂၀၁၇ | ဒုတိယအကြိမ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့.အစည်းအဝေးကို ကျင်းပပြုလုပ် နိုင်ခဲ့ပါသည်။<br>- သစ်တောနယ်ပယ်ကို သီးခြားစီ အစီရင်ခံစာသီးသန့်ဖြင့် ရေးသားတင်ပြရန် ဆုံးဖြတ်အတည်ပြုနိုင်ခဲ့သည်။<br>- လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ ရွေးချယ်မှုပြုလုပ်နိုင်ရန် ရွေးချယ်ရေးကော်မတီ အား အရေးပေါ်ဖွဲ့စည်းခဲ့သည်။ |
| ၆ | ၉ ၊ မေလ၊ ၂၀၁၇ | တတိယအကြိမ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့.အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။<br>- အဓိကအစီရင်ခံစာအတွက် လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူကို အတည်ပြုသည်။<br>- သစ်တောအစီရင်ခံစာအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်စတင်ရန် အတည်ပြုသည်။<br>- Mining Cadaster အတွက် Consultant ငှားရမ်းခြင်းအား စတင်ဆောင်ရွက်သည်။<br>- Beneficial Ownership အတွက် Consultant ငှားရမ်းခြင်းလုပ်ငန်းစဉ်အား စတင်ရန်အတည်ပြုသည်။<br>- (၈) လစာ လုပ်ငန်းစဉ်နှင့် ဘတ်ဂျက်အား အတည်ပြုသည်။<br>- ညှိနှိုင်းရေးမှူးစတင်လည်ပတ်ရန်နှင့် ဝန်ထမ်းငှားရမ်းခြင်းအတွက် ရွေးချယ်ရေးကော်မတီမှ ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ |

| | | |
|---|---|---|
| ၇ | ၁၄၊ ဇွန်လ၊ ၂၀၁၇<br>၁၆၊ ဇွန်လ၊ ၂၀၁၇ | ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာတွင် သစ်တောကဏ္ဍ ထည့်သွင်း ရေးသားခြင်းအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အောင်မြင်စွာ ညှိနှိုင်းနိုင်ခဲ့သည်။ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီး ဌာနတို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့သည်။<br>- အစိုးရလုပ်ငန်းကော်မတီတွင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ကိုယ်စားလှယ်များအား ထည့်သွင်းကာ အမိန့်ကြေငြာစာ ပြန်ထုတ်ရန်သဘောတူသည်။ |
| ၈ | ၃၀၊ ဇွန်လ၊ ၂၀၁၇ | စတုတ္ထအကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။<br><br>- အစီရင်ခံစာ ရေးသားမည့် အချိန်ဇယားကို အတည်ပြုခြင်း။<br>- နယ်ပယ်လေ့လာသတ်မှတ်မှုအတွက် ခရီးစဉ်ကို ညှိနှိုင်းအတည်ပြုခြင်း။ |
| ၉ | ၂၈၊ ဇူလိုင်လ၊ ၂၀၁၇ | ပဥ္စမအကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။<br>- အစီရင်ခံစာအတွက် နယ်ပယ်လေ့လာသတ်မှတ်မှုပြုလုပ်နိုင်ရန် သတင်းအချက်အလက်၊ စာရင်းဇယားများ ကောက်ခံရယူမှုအခြေအနေနှင့် အခက်အခဲများအတွက် ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း။<br>- နှစ်စဉ်တိုးတက်မှု အစီရင်ခံစာ(မူကြမ်း) ကို နိုင်ငံတကာ အတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းနိုင်ရန် အတည်ပြုခြင်း။<br>- သစ်တောအစီရင်ခံစာအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးသူအား ရွေးချယ်အတည်ပြုခြင်း၊ |

| | | |
|---|---|---|
| ၁၀ | ၁၁၊ စက်တင်ဘာလ၊ ၂၀၁၇ | ဆဋ္ဌမအကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။<br><br>- သစ်တောအစီရင်ခံစာအတွက် ရွေးချယ်ထားသော စာရင်းတိုက်ဆိုင်စစ်ဆေးသူ နှင့် စာချုပ်ချုပ်ဆိုခြင်းနိုင်ရန် တင်ပြ လာသော အဆိုပြုလွှာအား ပြန်လည်ညှိနှိုင်းရန် အချက်များအား အတည်ပြုခြင်းနှင့် အချိန်ဇယားအား အတည်ပြုခြင်း။<br>- အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ (Beneficial Ownership) နှင့် Political Exposed Person (PEP) ၏ အစီရင်ခံစာ ရေးသားရာ တွင် ထည့်သွင်းနိုင်ရန်အတွက် အဓိပ္ပါယ်ဖွင့်ဆိုမှုအား အတည်ပြု ခြင်း၊ |
| ၁၁ | ၁၈၊ စက်တင်ဘာလ၊ ၂၀၁၇ | (၂)နှစ်စာ အစီရင်ခံစာအတွက် ပြင်ဆင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဝန်ကြီးဌာန သုံးခုအောက်ရှိ အစိုးရဌာနပေါင်းများစွာနှင့် နိုင်ငံပိုင်လုပ်ငန်း များမှ အထူးဖွဲ့စည်းထားသောလုပ်ငန်းအဖွဲ့.ကိုယ်စားလှယ်များနှင့် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။ အစီရင်ခံစာအတွက် အချိန်ဇယားနှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ညှိနှိုင်းနိုင်ခဲ့သည်။ |
| ၁၂ | ၂၃၊ စက်တင်ဘာလ၊ ၂၀၁၇ | သစ်တောအစီရင်ခံစာအတွက် ပြင်ဆင်သည့် အလုပ်ရုံဆွေးနွေးပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ အထူးဖွဲ့.စည်းထားသော လုပ်ငန်းအဖွဲ့.ကိုယ်စားလှယ်များနှင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ |
| ၁၃ | ၂၇၊ စက်တင်ဘာလ၊ ၂၀၁၇ | သတ္တုလုပ်ငန်း၊ ကျောက်မျက်၊ကျောက်စိမ်း၊ ပုလဲ၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် (၂)နှစ်စာအစီရင်ခံစာ အတွက် ပြင်ဆင်ခြင်းနှင့် လုပ်ငန်းစဉ်အား အသိအမြင်ဖွင့်<br>အလုပ်ရုံ ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ အစီရင်ခံစာအတွက် အချက်အလက်တင်သွင်းမည့် အချိန်ဇယားကို ညှိနှိုင်းနိုင်ခဲ့သည်။ |
| ၁၄ | ၂၊ အောက်တိုဘာလ၊ ၂၀၁၇ | ခုနစ်ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ |
| ၁၅ | ဖွန်လကုန်နှင့် စက်တင်ဘာလဆန်း | အစီရင်ခံစာရေးသားမည့် ဌားရမ်းထားသော လွတ်လပ်သည့် စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independent Administrator-Moore Stephens) နှင့် ဌာနများတွေ့ဆုံကာ သတင်းအချက်အလက်၊ စာရင်းဇယားများ၊ ထုတ်ပေးရန် ညှိနှိုင်းခြင်း။ |

| | | |
|---|---|---|
| ၁၆ | စက်တင်ဘာလကုန် | နယ်ပယ်လေ့လာသတ်မှတ်သည့် အစီရင်ခံစာမူကြမ်းထွက်ရှိပြီး ပြန်လည် သုံးသပ်ခြင်း၊ အချက်အလက်များအား အတည်ပြုခြင်း။ ကိန်းဂဏာန်း သတ်မှတ်မှုကို အတည်ပြုနိုင်ရန် ဆွေးနွေးခြင်း။ |
| ၁၇ | ယနေ့အထိ | နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးစုစုပေါင်း (၆) ကြိမ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။<br>- လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူမှ တင်ပြလာသော နည်းပညာပိုင်းနှင့် ငွေကြေးပိုင်းဆိုင်ရာ အဆိုပြုလွှာအား ဆွေးနွေးအတည်ပြုခြင်း၊<br>- အစီရင်ခံစာတင်သွင်းမည့် လုပ်ငန်းစဉ်အား ရေးဆွဲအတည်ပြုခြင်း၊<br>- နှစ်စဉ်တိုးတက်မှု အစီရင်ခံစာအား တင်ပြနိုင်ရန် ရေးသားအတည်ပြုခြင်း၊<br>- အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ (Beneficial Ownership) ၏ အဓိပ္ပာယ်အား ဖွင့်ဆိုအတည်ပြုခြင်း၊<br>- ငှားရမ်းမည့် Consultants များ၏ Terms of References (ToR) များအားရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ ခေါ်ယူခြင်း။ |
| ၁၈ | ယနေ့အထိ | လုပ်ငန်းစဉ်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးစုစုပေါင်း (၅) ကြိမ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။<br>- တစ်နှစ်စာလုပ်ငန်းစဉ်နှင့် ဘတ်ဂျက်အားရေးဆွဲအတည်ပြုခြင်း၊<br>- အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များကို ရေးဆွဲခြင်း၊ ဝန်ထမ်းများ ခန့်အပ်ခြင်း၊<br>- သုံးနှစ်စာ MEITI ၏ လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်များအား ရေးဆွဲအကောင်အထည်ဖော်ခြင်း၊<br>- ငွေကြေးသုံးစွဲမှုများနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများအတွက် လုပ်ငန်းစဉ် အကောင်အထည်ဖော်သည့် လက်စွဲအား ရေးဆွဲအတည်ပြုခြင်း။ |
| ၁၉ | ယနေ့အထိ | ပြင်ပဆက်ဆံရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းခွဲကော်မတီ အစည်းအဝေး စုစုပေါင်း (၄) ကြိမ်ကို အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ခဲ့သည်။<br>- Communication Strategy မူကြမ်းအား ရေးဆွဲနိုင်ခဲ့သည်။<br>- ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲအား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။<br>- Capacity Building အစီအစဉ်များကို ရေးဆွဲအတည်ပြုနိုင်ခဲ့သည်။ |
| ၂၀ | ယနေ့အထိ | ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီ အစည်းအဝေးစုစုပေါင်း (၃) ကြိမ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။<br>- Main Independent Administrator အား ရွေးချယ်ခန့်အပ်ခဲ့သည်။<br>- သစ်တော Independent Administrator အား ရွေးချယ်ခန့်အပ်ခဲ့သည်။<br>- Beneficial Ownership Consultant အားရွေးချယ်ခန့်အပ်ခဲ့သည်။<br>- Mining Cadaster Consultant အား ရွေးချယ်ခန့်အပ်ခဲ့သည်။ |

| | | |
|---|---|---|
| ၂၁ | ယနေ့အထိ | Mining Cadastre လုပ်ငန်းခွဲကော်မတီ အစည်းအဝေးစုစုပေါင်း (၂) ကြိမ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ |
| ၂၂ | ယနေ့အထိ | လုပ်ငန်းခွဲကော်မတီ (၅)ခုကို ဖွဲ့စည်းပြီး ပုံမှန် အစည်းအဝေးပွဲများ ကျင်းပ ပြုလုပ်လျက်ရှိပါသည်။ |
| ၂၃ | ယနေ့အထိ | ဦးဆောင်ကော်မတီ အစည်းအဝေးပေါင်း သုံးကြိမ်တိတိ ကျင်းပပြုလုပ် နိုင်ခဲ့ပြီး၊ အစိုးရ လုပ်ငန်းကော်မတီအစည်းအဝေးကိုလည်း (၃)ကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပပြုလုပ်ကာ လုပ်ငန်းစဉ်ကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဦးဆောင်ဦးရွက်ပြုကာ ပံ့ပိုးလျက်ရှိပါသည်။ |

**ဆက်သွယ်မေးမြန်းရန်**

က) ဦးဝင်းထိန် (အစိုးရကိုယ်စားလှယ်) - ၀၉ ၇၉ ၈၃၀၀ ၆၀၆

ခ) ဦးကျော်သက် (အစိုးရကိုယ်စားလှယ်) - ၀၉ ၄၂၀ ၇၀၁၂ ၀၆

ဂ) ဦးဝင်းတင် (လုပ်ငန်းရှင်ကိုယ်စားလှယ်) - ၀၉ ၅၁၅၁၅၄၃

ဃ) ဒေါ်မိုးမိုးထွန်း (အရပ်ဖက်ကိုယ်စားလှယ်) - ၀၉ ၅၀၇၇ ၆၄